The Oilfields (Labour & Welfare) (Amendment) Act 1951.
(Act No XL of 1951)

# ၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားများနှင့်သက်သာချောင်ချိ ရေး) (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၀။]

အောက်ပါအတိုင်း အက်ဥပဒေ အဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားများနှင့် သက်သာ ချောင်ချိရေး) (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာ၍ သတ်မှတ်သည့်နေ့ရက်တွင် အာဏာတည်ရမည်။

၂။ ။၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားများနှင့် သက်သာချောင်ချိရေး) အက်ဥပဒေ၏ အခန်း ၈ ပါပုဒ်မ ၄၅၊ ၄၆၊ ၄၇၊ ၄၀၊ ၄၉၊ ၅၀ နှင့် ၅၁ ကို ပယ်ဖျက်ရမည်။

၃။ ။၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားများနှင့် သက်သာချောင်ချိရေး) အက်ဥပဒေပုဒ်မ ၅၅ (၁) တွင်၊ ''နှင့် ၈'' ဆိုသည့်စာလုံးနှင့်ဂဏန်းကို ပယ်ဖျက်ရမည်။

၄။ ။၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားများနှင့် သက်သာချောင်ချိရေး) အက်ဥပဒေပုဒ်မ ၇၄ (၁) ၏ ခြွင်းချက်ကိုပယ်ဖျက်ရမည်။

G.U.B.C.P.O.--No. 35, Min. of J.A., 20-11-51—2,000—II.
Price,—One anna.]